# ပါတီနိုင်ငံရေးနှင့် အမျိုးသားနိုင်ငံရေး ခွဲခြားသိမြင်ရန်လိုဟုပြောကြား

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် မိမိတို့၏ရပ်တည်ချက်ကို ပြောင်းမည်ဆိုက ၁၉၉၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲဝင်ခဲ့ကြသော အမတ်လောင်းများက အဖွဲ့ချုပ်အားထောက်ခံသွားမည်ဟု နိုင်ငံရေးအင်အားစုတစ်ခုဖြစ်သည့် အမျိုးသားညီလာခံ ထောက်ခံရေးအင်အားစုကပြောသည်။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အာဏာလွှဲပြောင်းပေးဖို့ရာ အင်္ဂါရပ်ပြည့်စုံအောင်မလုပ်တဲ့အတွက် အာဏာလွှဲပြောင်းမပေးတာဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်ရလဒ်ကို အသေကိုင်တွယ်ပြီး လက်ရှိအစိုးရနဲ့ဆွေးနွေးမယ် ဆိုရင် အောင်မြင်မှာမဟုတ်ပါဘူး"ဟု အဆိုပါအင်အားစုကို ခေါင်းဆောင်သူ ပမညတ ဦးတင်ရွှေက ပြောသည်။

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံရေးအင်အားစုသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ချင်သူများအား အမျိုးသားညီလာခံကို ထောက်ခံလာစေရန်နှင့် ပါတီနိုင်ငံရေးနှင့် အမျိုးသားနိုင်ငံရေးကို ပြည်သူများခွဲခြားသိမြင်နိုင်စေရေးအတွက် ဟောပြောပွဲများလုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

"အခုအချိန်ဟာ အမျိုးသားနိုင်ငံရေးကာလဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲတာဟာ တစ်မျိုးသားလုံး အတွက်အရေးကြီးနေပါတယ်။ ဇူလိုင်လ ၁၈ ရက်နေ့မှာ ပြန်လည်ကျင်းပမယ့် အမျိုးသားညီလာခံဟာနောက်ဆုံးအဆင့် ဖြစ်ပါတယ်။ ဒီအတွက် ပြည်သူတွေပါဝင်ဖို့လိုအပ်ပါတယ်"ဟု ၄င်းကပြောသည်။

မြန်မာနိုင်ငံသည် ၁၉၄၇ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၇၄ ခုနှစ်တွင်တစ်ကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခဲ့ပြီး ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပြီး နောက်ပိုင်းမှာ ၁၉၇၄ ခုနှစ်က ရေးဆွဲထားသော အခြေခံဥပဒေပျက်ပြယ်သွားသဖြင့် ယခုတစ်ကြိမ် ပြန်လည်ရေးဆွဲနေခြင်းဖြစ်သည်။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ နိုင်ငံရေးပါတီအဖြစ် ရပ်တည်ခွင့် ရှိမရှိဆိုတာကိုတော့ ကျွန်တော်တို့ အနေနဲ့ အဆုံးအဖြတ်မပေးနိုင်ပါဘူး။ အင်န်အယ်လ်ဒီအနေနဲ့ အမျိုးသားညီလာခံနဲ့ အမျိုးသားရေးလမ်းကြောင်းကို မစွန့်လွှတ်စေချင်ပါဘူး။ ဘာကြောင့်လဲဆိုရင် အခြေခံဥပဒေရေးဆွဲဖို့ အချိန်ကြာတာနဲ့အမျှ ပြည်သူတွေရဲ့ခံစားမှု ပိုမိုကြာမြင့်နေမှာဖြစ်ပါတယ်။ ပြည်သူတွေရဲ့အကျိုးကိုကြည့်စေချင်ပါတယ်"ဟု ဦးတင်ရွှေကပြောသည်။

အမေရိကန်နှင့် ဥရောပနိုင်ငံများမှ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ခဲ့သဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသော ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ ထွက်ခွာသွားခဲ့ကြသည့်အတွက် မြန်မာနိုင်ငံတွင် အလုပ်လက်မဲ့များ ပိုမိုများပြားလာကြောင်းသိရသည်။

သို့ရာတွင် အာဆီယံအဖွဲ့အတွင်းရေးမှူး **Ong Keng Yong** က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ တက်ရောက်စဉ် သတင်းထောက်များနှင့် တွေ့ဆုံပြောကြားရာတွင် "အထီးကျန်စေရေး ဗျူဟာက မြန်မာနိုင်ငံအတွက် အလုပ်မဖြစ်"ဟု ပြောသည်။